**(၆) နေကြာဒေါင်းနီးမှိုရွက်ခြောက်ရောဂါ (Downy mildew of Sunflower)**

**ရောဂါဖြစ်စေသက်ရှိ - *Plasmopara halstedii* (Farl.) Berl. & De Toni**

**ရောဂါလက္ခဏာ**

ရောဂါလက္ခဏာများကို အပင်ကြီးထွားမှုအဆင့်တိုင်းတွင် တွေ့မြင်နိုင်သည်။ ရောဂါကျ ရောက်သော အရွက်များ၏ အပေါ်မျက်နှာပြင်များတွင် အရောင်ဖျော့ဖျော့မှ အဝါရောင်အကွက် များသည် ရွက်ကြော တစ်လျှောက်ဖြစ်ပေါ် ပြီး အပြင်ဘက်သို့ ပျံ့နှံ့သွားသည်။ စိုထိုင်းမှုမြင့်မား သော အခြေအနေတွင် အရွက်၏ အောက်မျက်နှာပြင်တွင် အဖြူရောင်မှိုမျှင်များ ဖြင့် ဖုံးအုပ် ထား သည် ကိုတွေ့ရသည်။







**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသောမျိုးကိုရွေးချယ်စိုက်ပျိုးပါ။
- ပိုတက်ရှ် မြေသြဇာနှင့် သဘာဝမြေသြဇာများကိုအတတ်နိုင်ဆုံး ထည့်သွင်း ပေးပါ။
- ပင်ကြွင်းပင်ကျန်များအားမီးရှို့ဖျက်ဆီးပါ။
- မျိုးစေ့အား (၁ လက္ခ၊ ၁လက္ခခွဲခန့်) စိုက်ပျိုးခြင်းသည် အပင်ပေါက်မှု လျင်မြန်စေပြီး ရောဂါ တိုက်ခိုက်မှုကိုလွတ်စေသည်။
- စိုက်ခင်းအတွင်းရေစီးရေလာကောင်းစေရန်နှင့်ရေမဝပ်စေရန်ဆောင်ရွက်ပါ။
- အပင်များအား စိပ်စိပ်မစိုက်ပါနှင့်။

- ရောဂါကျရောက်မှုအား အမြဲစစ်ဆေး၍ ရောဂါ ကျရောက်သော လက္ခဏာတွေ့ရှိရပါက ၎င်းအပင်အား ဖယ်ရှားပစ်ပါ။
- ရောဂါကျရောက်ပါက Metalaxyl (မီတယ်လဆီ)၊ Propineb (ပရောပီနက်ဘ်)၊ (ကလိုရိုသာလိုနေးလ်)၊ Mancozeb (မန်ကိုဇက်) စသော မှိုသတ်ဆေးများဖြင့် ထိရောက်စွာ ကာကွယ် နှိမ်နင်းနိုင်ပါသည်။